INFOGRAPHIC

# International Accountability Mechanisms for Myanmar At a Glance

## မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာ တာဝန်ယူတာဝန်ခံမှု ယန္တရားများအကြောင်း

AJAR
ASIA JUSTICE AND RIGHTS
Burmese - March 2022
asia-ajar.org

### International Independent Fact-Finding Mission on Myanmar (FFM)
### မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေးမစ်ရှင်

- မတ်လ ၂၀၁၇ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး စက်တင်ဘာလ ၂၀၁၉ တွင် လုပ်ငန်းစဉ် ပြီးဆုံးခဲ့ပြီးဖြစ်ပါသည်။
- လုပ်ပိုင်ခွင့် – ၂၀၁၁ ခုနှစ်မှ စတင်ကာ မြန်မာနိုင်ငံတွင်း၊ အထူးသဖြင့် ကချင်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ဖြစ်ပွားခဲ့သော လူ့အခွင့်အရေး ချိုးဖောက်မှု သတင်းအချက်အလက်များကို စုဆောင်းရန်
- ခုံရုံးမဟုတ်ပါ။ ကျူးလွန်သူများကို တရားစွဲဆိုခြင်း သို့မဟုတ် အပြစ်ပေးခြင်း မဆောင်ရွက်နိုင်ပါ။
- စာမျက်နှာ ၄၄၄ ပါ အစီရင်ခံစာကို ထုတ် ပြန်ခဲ့ပါသည်။ ရခိုင်ပြည်နယ်တွင် လူမျိုး တုံးသတ်ဖြတ်မှုနှင့် ရခိုင်၊ ကချင်နှင့် ရှမ်းပြည်နယ်တို့တွင် လူသားဖြစ်တည်မှုအား ဆန့်ကျင်သည့် ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများ ကျူးလွန်ခဲ့ကြောင်း တွေ့ရှိထားသည်။ (မည်သူမဆို ရယူဖတ်ရှုနိုင်အောင် ထုတ်ပြန်ထားသော အစီရင်ခံစာ ဖြစ်သည်။)
- ထိုရာဇဝတ်မှုများ၏ သက်သေအထောက်အထားများကို စုဆောင်းခဲ့ပြီး IIMM သို့ လွှဲပြောင်း ပေးအပ်ခဲ့သည်။
- တာဝန်အရှိဆုံးသော အကြီးတန်းအမိန့်ပေးသူအရာရှိ ၆ ဦး၏ အမည်များကို ဖော်ထုတ်ခဲ့သည်။
- မြန်မာနိုင်ငံ၏ အခြေအနေကို ICC သို့ လွှဲပြောင်းပေးရန် သို့မဟုတ် အထူးသီးသန့်ခုံရုံးကို တည်ထောင်ရန် အတွက် ကုလသမဂ္ဂလုံခြုံရေး ကောင်စီကို တောင်းဆိုခဲ့သည်။
- တပ်မတော်ကို အဖွဲ့အစည်း (institution) တစ်ရပ်အနေဖြင့် ရှုမြင်သည်။ ချိုးဖောက်ကျူးလွန်မှု အသွင်ပုံသဏ္ဌာန်များကို မီးမောင်းထိုးဖော်ထုတ်ခဲ့သည်။
- တပ်မတော်၏ စီးပွားရေးဆိုင်ရာ ဆက်စပ်ပတ်သက်မှုများနှင့် ပတ်သက်၍ အစီရင်ခံစာ တစ်စောင်ထုတ်ပြန်ခဲ့ပြီး ပိတ်ဆို့အရေးယူမှုများ ပြုလုပ်ရန် တောင်းဆိုခဲ့သည်။

### Independent Investigative Mechanism for Myanmar (IIMM)
### မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရား (IIMM)

- စက်တင်ဘာလ ၂၀၁၈ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် လုပ်ငန်းများ စတင်လည်ပတ်ခဲ့သည်။
- လုပ်ပိုင်ခွင့်
  - ၂၀၁၁ ခုနှစ်မှ စ၍ မြန်မာနိုင်ငံ အတွင်း ကျူးလွန်ခဲ့သည့် အလွန်ဆိုးဝါး ပြင်းထန်သော ရာဇဝတ်မှုများနှင့် နိုင်ငံတကာ ဥပဒေများ ကို ချိုးဖောက်သည့် သက်သေအထောက်အထားများကို စုဆောင်း ပြုစုခြင်းနှင့် ခွဲခြမ်းစိတ်ဖြာ သုံးသပ်ခြင်းများ ဆောင် ရွက်ရန်
  - အနာဂတ်တွင် ကျူးလွန်သူများကို တရားစွဲဆိုနိုင်ရန်အတွက် သက်သေခံ အထောက်အထား များကို ပြုစုပြင်ဆင်ထားရန်
- FFM က စုဆောင်းထားသော သတင်းအချက်အလက်များကို လွှဲပြောင်းရယူခဲ့သည်။
- သက်သေအထောက်အထားများကို အပြည်ပြည် ဆိုင်ရာ တရားစီရင်ခွင့် (Universal Jurisdiction) အမှုများ အပါအဝင်၊ ICC၊ ICJ နှင့် အခြား ခုံရုံးများတွင် အသုံးပြုနိုင် သည်။
- ကျူးလွန်သူ လူပုဂ္ဂိုလ်တဦးတယောက်ချင်းစီ၏ ရာဇဝတ်မှုဆိုင်ရာ တာဝန်ရှိမှု (ဥပမာ – အမိန့်ပေးမှု သို့မဟုတ် အထက် ရာထူးအရ တာဝန်ရှိမှု) နှင့် ဆက်နွှယ်သော သက်သေအထောက်အထား (တာဝန်ရှိသောသူနှင့် ရာဇဝတ်မှုကြား ဆက်နွှယ်မှု) ကို အာရုံစိုက်သည်။
- ခုံရုံးတစ်ခုမဟုတ်ပါ။ ကျူးလွန်သူ များကို တရားစွဲဆိုခြင်း သို့မဟုတ် အပြစ်ပေးခြင်းများ မဆောင်ရွက် နိုင်ပါ။ အနာဂတ်အတွက် သက်သေ အထောက်အထားများ စု ဆောင်းပြုစုခြင်းသာ ဆောင်ရွက် သည်။
- လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ပတ်သက်၍ ရှာဖွေတွေ့ရှိချက် များကို အများသိအောင် အစီရင်ခံ စာများ ထုတ်ပြန်မည် မဟုတ်ပါ။ (FFM နှင့် ကွဲပြားသည်။)
- ဖေဖော်ဝါရီ ၂၀၂၁ စစ်အာဏာ သိမ်းမှုနောက်ပိုင်း ကျူးလွန်ချိုး ဖောက်မှုများကိုလည်း မှတ်တမ်း ပြုစု နေပါသည်။ ကနဦးခွဲခြမ်း စိတ်ဖြာ သုံးသပ်ချက်က လူသားများ ကို ဆန့်ကျင်တိုက်ခိုက် သော ရာဇဝတ်မှုများကို ညွှန်ပြနေသည်။

### International Criminal Court (ICC)
### အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားခုံရုံး

- ရာဇဝတ်မှုများကျူးလွန်ခြင်းအတွက်လူပုဂ္ဂိုလ်တစ်ဦးချင်းစီကို တရားစွဲ ဆိုသည်။
- မြန်မာနိုင်ငံသည် ICC သို့ မဝင်ရောက်သေးပါ။ လက်ရှိကာလတွင် ICC သည် မြန်မာနိုင်ငံ အပေါ်တွင် တရားစီရင်ခွင့် မရှိပါ။ ထို့ကြောင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီက လွှဲပြောင်းပေးရန် သို့မဟုတ် မြန်မာနိုင်ငံက အဖွဲ့ဝင်နိုင်ငံဖြစ်လာရန် သို့မဟုတ် NUG ၏ ကြေညာချက်ကို ICC က လက်ခံရန် လိုအပ်သည်။
- ဘင်္ဂလားဒေ့ရှ်သည် ICC ၏ အဖွဲ့ဝင်နိုင်ငံဖြစ်ပါသည်။
- ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် တစိတ်တပိုင်းဖြစ်ပွားခဲ့သော မြန်မာနိုင်ငံက ရိုဟင်ဂျာများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နှင်ထုတ်ခြင်းနှင့် အခြားဆက်နွှယ် သော အခြားရာဇဝတ်မှုများ အပေါ် ICC မှ တရားစီရင်ခွင့်ရှိပါသည်။
- စုံစမ်းစစ်ဆေးမှုတစ်ခု ဖွင့်လှစ် ဆောင်ရွက်ရန် တရားသူကြီးများက တရားစွဲအရာရှိကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ခွင့်ပြုခဲ့သည်။
- ICC တွင် လူပုဂ္ဂိုလ်များကို ဖမ်းဆီးရန် အာဏာမရှိပါ။ သံသယရှိ သူကို ဖမ်းဆီးနိုင်ခြင်းမရှိပါက တရားခုံရုံးလည်း ကျင်းပနိုင်မည် မဟုတ်ပါ။
- မြန်မာနိုင်ငံက သံသယရှိသူများကို လွှဲပြောင်းပေးခြင်း သို့မဟုတ် ထိုသူများ ICC အဖွဲ့ဝင်နိုင်ငံများသို့ ခရီးသွားစဉ် ဖမ်းဆီးခံရမှသာလျှင် တရားခုံရုံးတခု ကျင်းပနိုင်မည် ဖြစ်သည်။ ဤသည်က ဖြစ်နိုင်ခြေ အလွန်နည်းပါသည်။

### International Court of Justice (ICJ)
### အပြည်ပြည်ဆိုင်ရာတရားခုံရုံး

- နိုင်ငံများအကြား တရားဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းပေးသည်။ (i.e.– အစိုးရများအကြား အငြင်းပွားမှုများ အတွက်သာဖြစ်သည်။ သို့သော် လူပုဂ္ဂိုလ်များ အကြား မဟုတ်ပါ) ဥပမာအား ဖြင့် နိုင်ငံတကာ စာချုပ်နှင့် သက်ဆိုင်၍။
- မြန်မာနိုင်ငံသည် လူမျိုးတုံးသတ်ဖြတ်မှုတားဆီးရေးဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်စာချုပ် အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် အခြားနိုင်ငံတခုက မြန်မာနိုင်ငံသည် လူမျိုးတုံး သတ်ဖြတ်မှုအတွက် တာဝန်ရှိ ကြောင်း ဆုံးဖြတ်ချက်ချမှတ်ပေးရန် ICJ ကို တောင်းဆို နိုင်သည်။
- ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၁ – လူမျိုးတုံး သတ်ဖြတ်မှု တားဆီးရေး သဘောတူစာချုပ်ပါ တာဝန်ဝတ္တရားများကို ချိုးဖောက်မှုဖြင့် မြန်မာနိုင်ငံအပေါ် ဂမ်ဘီယာနိုင်ငံက ICJ သို့ တရားစွဲဆိုတင်သွင်းလျှောက်ထားခဲ့ပါသည်။
- ၂၀၂၀ ခုနှစ် ဇန္နဝါရီလ ၂၃ – အကာအကွယ်ပေးရေး ယာယီအစီအမံများကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ICJ က မြန်မာနိုင်ငံအပေါ် အမိန့်ချမှတ် – ရိုဟင်ဂျာများအပေါ် လူမျိုးတုံး သတ်ဖြတ်မှု ကျူးလွန်သည့် လုပ်ရပ်များကို တားဆီးရန်၊ သက်သေအထောက်အထားများကို ထိန်းသိမ်းထားရန် နှင့် ICJ သို့ ကာလအပိုင်းအခြားအလိုက် အစီရင်ခံစာများ ပုံမှန်တင်သွင်းရန်တို့ကို မြန်မာနိုင်ငံက ဆောင်ရွက်ရမည်။
- ဇန္နဝါရီ ၂၀၂၁ – တရားစီရင်ပိုင်ခွင့်ဆိုင်ရာ မေးခွန်းဖြစ်သည့် “ကနဦး ကန့်ကွက် ချက်များ” ကို NLD အစိုးရကတင်သွင်းခဲ့ပြီး တရားသူကြီးများ အနေဖြင့် အမှုကိုပလပ် ပေးရန် တောင်းဆိုခဲ့သည်။ ပင်မအမှုအပေါ် ဆောင်ရွက်ချက်များကို ဆိုင်းငံ့ထားသည်။
- ၂၀၂၂ နှစ်ဦးပိုင်း – ကနဦးကန့်ကွက်ချက် များနှင့် အမှုကိုဆက်လက်ဆောင်ရွက်ရန် တို့ကို ICJ က ဆုံးဖြတ်ချက်ချမှတ်နိုင်သည်။
- အနာဂတ်တရားတဘောင်လုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံကို မည်သူက ကိုယ်စားပြုရမည်ကို ICJ က ဆုံးဖြတ်ရန် လိုအပ်သည်။
- အနာဂတ်တွင် ကျူးလွန်သူများကို အပြစ်ပေး ရန်၊ ထပ်မံမဖြစ်ပွားစေရေး အာမခံရန်နှင့် ကျူးလွန်ခံရသူများကို ကုစားမှုများ ဆောင်ရွက်ပေးရန်တို့ကို ICJ က မြန်မာနိုင်ငံကို အမိန့်ပေးနိုင်သည်။
- ICJ ၏ ဆုံးဖြတ်ချက်များကို အကောင် အထည်ဖော်ရန် ခက်ခဲနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်း၏ဆုံးဖြတ်ချက် များကို အကောင်အထည်ဖော်ရန် ICJ တွင် တိုက်ရိုက်နည်းလမ်းမရှိပါ။

### Universal Jurisdiction (UJ)
### အပြည်ပြည်ဆိုင်ရာ တရားစီရင်ခွင့်

- အချို့နိုင်ငံများတွင် ပြည်တွင်းတရားရုံးများသည် ၎င်း၏နိုင်ငံတွင်းတွင် ရာဇဝတ်မှုမဖြစ်ပွားသော်လည်း၊ ကျူးလွန်သူသည် နိုင်ငံသားမဟုတ် လျှင်သော်လည်း ပြင်းထန်သည့် ရာဇဝတ်မှုများကို တရားစွဲဆို နိုင်သည်။
- အာဂျင်တီးနားနိုင်ငံသည် ၎င်း၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အပြည်ပြည်ဆိုင်ရာ တရားစီရင် ပိုင်ခွင့်ကို ထည့်သွင်း ပြဋ္ဌာန်းထားသည်။
- ရိုဟင်ဂျာများအပေါ် လူသားမျိုးနွယ်ကိုဆန့်ကျင် တိုက်ခိုက်သော ရာဇဝတ်မှုများနှင့် လူမျိုးတုံး သတ်ဖြတ်မှုများ ကျူးလွန်မှုအတွက် မြန်မာနိုင်ငံ အစိုးရနှင့် တပ်မတော်ကို တရားစွဲဆိုရန် အာဂျင်တီးနားနိုင်ငံ တရားရုံးတစ်ခုတွင် ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့က လျှောက်ထားခဲ့သည်။
- ၂၀၂၁ နိုဝင်ဘာ ၂၆ တွင် အာဂျင်တီးနားနိုင်ငံတရားရုံးက ထိုအမှုကို လက်ခံဆောင်ရွက်မည်ဖြစ်ကြောင်း အတည်ပြုခဲ့သည်။
- ထိုအမှုသည် တပ်မတော်ထိပ်ပိုင်း ခေါင်းဆောင်များနှင့် အရပ်သား ခေါင်းဆောင်များ ကို တစ်ဦးချင်းစီ အလိုက် ရာဇဝတ်မှုအပေါ် တာဝန်ခံစေရန် ဖြစ်သည်။ (ICJ နှင့် မတူကွဲပြားသည်။)
- ထိုတရားစွဲဆိုမှုသည် မြန်မာနိုင်ငံ၏ နယ်နိမိတ် ဧရိယာအတွင်း ရိုဟင်ဂျာများအပေါ် ကျူးလွန်သော ရာဇဝတ်မှုများနှင့် သက်ဆိုင်ပါသည်။ (ICC နှင့် မတူကွဲပြားသည်။)
- အကယ်၍ တရားရုံးက ဆက်လက်၍ တရားစွဲဆိုရန်အတွက် ဆုံးဖြတ်ခဲ့ပါက စွပ်စွဲခံရသူများကို အာဂျင်တီးနား နိုင်ငံရှိ တရားရုံးရှေ့မှောက်သို့ ခေါ်ဆောင်ရန် အတွက် ခက်ခဲနိုင် ပါသည် (ဥပမာ – စွပ်စွဲခံရသူများကို လွှဲပြောင်းရယူရန် အတွက်)။ ထို့ကြောင့် တရားခုံရုံးကျင်းပနိုင်ရန် ခက်ခဲနိုင်သည်။